# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အဆောက်အအုံနှင့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။




ကြေးမုံ

# သတင်းတု၊ သတင်းမှားများ သတိပြုရှောင်ရှား

မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်မှစ၍ ကွန်ပျူတာစနစ် စတင်ပေါ်ပေါက်လာပြီးနောက် ၂၀၀၀ ပြည့်လွန်ကာလမှစ၍ Myspace၊ Facebook၊ YouTube၊ Twitter၊ Instagram တို့မှသည် ယခုအခါ Telegram၊ TikTok မှ AI နည်းပညာများအထိပင် အသုံးပြုနေကြပြီဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်တမ်းများအရ ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်သည် အဆိုပါနည်းပညာများကို အသုံးပြုနေကြပြီး ၂၀၂၃ ခုနှစ်တွင် လူဦးရေငါးဘီလီယံခန့်အသုံးပြုကြကာ ၂၀၂၄ ခုနှစ် နောက်ဆုံးစာရင်းအရ ဆိုရှယ်မီဒီယာအသုံးပြုသူ ၅ ဒသမ ၁၇ ဘီလီယံရှိသည်ဟုသိရသည်။

အဆိုပါဆိုရှယ်မီဒီယာအသုံးပြုသူများတွင် ဖေ့စ်ဘွတ်အသုံးပြုသူဦးရေသည် ၃ ဒသမ ၀၅ ဘီလီယံရှိ၍ အသုံးအများဆုံးပလက်ဖောင်းတစ်ခုဖြစ်သည်။ ဆိုရှယ်မီဒီယာအမျိုးမျိုးကို စတင်ဖန်တီးခဲ့ကြသူများသည် ကမ္ဘာကြီးအတွင်းရှိ လူသားများအားလုံး တစ်ဦးနှင့်တစ်ဦး အချိန်မဆိုင်းဘဲ ဆက်သွယ်ချိတ်ဆက်ပြီး လူသားအကျိုးပြုအသိအမြင်ဗဟုသုတပညာရပ်များနှင့် သတင်းစကားများ မျှဝေပေးနိုင်ရန်ဖန်တီးခဲ့သည်။ ဆိုရှယ်မီဒီယာအသုံးပြုမှုသည်အချိန်နှင့်အမျှ တိုးတက်လာပြီး လူသားအကျိုးပြုမှု အံ့မခန်းထိရောက်မှုများရှိလာသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထူးသဖြင့် လူမှုဘဝနယ်ပယ်အသီးသီးအတွက် အခွင့်အလမ်းအမျိုးမျိုး ရရှိလာခဲ့သည်။

လောကတွင် ဆန်းသစ်တီထွင်မှုများကြောင့် ကောင်းကျိုးများစွာဖြစ်ထွန်းလာသလို ဆိုးကျိုးများလည်း အတူတွဲဖက်ပါလာသည်ကို သတိပြုကြရမည်ဖြစ်သည်။ လူမှုဘဝနယ်ပယ်၌ လူမသိသူမသိအဖြစ်အပျက်များ၊ လူသိရှင်ကြားအဖြစ်အပျက်များကို လက်ကိုင်ဖုန်းဖြင့် ဆိုရှယ်မီဒီယာအသုံးပြုသူများကြောင့် ဖြစ်လျှင်ဖြစ်ချင်း အချိန်မဆိုင်းဘဲ ကွန်ရက်ချိတ်ဆက်ထားမှုအလျောက် သိလာကြသည်။ ဆိုရှယ်မီဒီယာပေါ်တွင် အဖြစ်အပျက်များကိုသိရှိကြသည့် အခြားအသုံးပြုသူများက ထပ်ဆင့်တင်ပေးခြင်း၊ မျှဝေပေးခြင်း၊ မှတ်ချက်တင်ပေးခြင်း၊ ကရုဏာသက်ပေးခြင်းများကြောင့် အဖြစ်အပျက်များသည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာသည်။

ထိုအခါ မှန်ကန်သောသတင်းများအတွက် အကျိုးရှိထိရောက်မှုများရှိလာသလို မမှန်ကန်သောသတင်းများအတွက် အကျိုးမရှိဆိုးကျိုးများအထိ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ယခုအခါ လူငယ်လူရွယ်များသည် အသစ်အသစ်ပေါ်ထွက်လာသော နည်းပညာများကို ပိုမိုစိတ်ဝင်စားသည့်အလျောက် လူသားအကျိုးပြုကောင်းသောအမှုများ မျှဝေပေးနိုင်ရေးကို ပြုလုပ်ကြသည်။ အချို့လူငယ်လူရွယ်များအနေဖြင့် နည်းပညာကိုအသုံးပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အမျိုးမျိုးတို့၌ မမှန်မကန်ဆောင်ရွက်မှုများကြောင့် ဆိုးကျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် တစ်ဦးနှင့်တစ်ဦး အမုန်းတရားများတိုးပွားအောင်၊ အထင်အမြင် လွဲမှားအောင်၊ စိတ်ဝမ်းကွဲပြားအောင်ပြုလုပ်မှုများရှိသလို ထို့ထက်ပို၍ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများရှိနေသည်။

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပညာရပ်များ တစ်နေ့တခြားတိုးတက်လာသည်နှင့်အမျှ နည်းပညာများကိုအသုံးပြု၍ သတင်းတုများ၊ သတင်းမှားများ၊ ထင်ယောင်ထင်မှားဖြစ်စေသောသတင်းများ၊ ကောလာဟလသတင်းများကို ကိုယ်ပိုင်အကောင့်များဖြင့်လည်းကောင်း၊ အကောင့်အတုများဖြင့်လည်းကောင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းလုပ်ငန်းတစ်ခု၊ အသိုင်းအဝိုင်းတစ်ခုမှသည် နိုင်ငံပါထိခိုက်စေနိုင်သော သတင်းများကို တစ်ဦးချင်းအလိုက်ဖြစ်စေ၊ ပြည်ဖျက်မီဒီယာများမှဖြစ်စေ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ပြဿနာများ၊ ပဋိပက္ခများ၊ စိတ်ဝမ်းကွဲပြားမှုများ၊ မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်လာမှုတွင် လူမှုကွန်ရက်ကို မမှန်မကန်အသုံးပြုခြင်းလည်း ပါဝင်သည်ကို တွေ့မြင်နိုင်သည်။

မကြာသေးမီရက်ပိုင်းက မြန်မာနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ရပ်ဝန်းကျရောက်သည့်ဒေသများရှိပြည်သူများ ထိခိုက်သေဆုံးပျက်စီးဆုံးရှုံးမှုများနှင့်ကြုံကြရသည်။ ထိုကာလ၌ ငလျင်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်နေချိန်၌ ဧပြီလ ၂၁ ရက်နေ့တွင် မြေငလျင်ကြီးမားစွာလှုပ်ခတ်ဦးမည်ဟု TikTok အကောင့်တစ်ခုမှတစ်ဆင့် မဟုတ်မမှန်သတင်းအမှားဖြန့်ဝေခဲ့ရာ ထိုနေ့တွင် ပြည်သူများ စိုးရိမ်ပူပန်မှုများစွာရှိခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။ အဆိုပါကိစ္စကို သက်ဆိုင်ရာအဖွဲ့အစည်းများက ရှာဖွေဖော်ထုတ်ခဲ့ရာ ဧပြီလ ၂၂ ရက်နေ့တွင် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိခဲ့သည်။ အဆိုပါလူငယ်သည် လမ်းမှားရောက်နေသူတစ်ဦးဖြစ်ပြီး နည်းပညာကိုအသုံးပြုကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်သူဖြစ်၍ ထိရောက်စွာအရေးယူခံရမည်ဖြစ်သည်။

သို့ဖြစ်ရာ သတင်းအချက်အလက်နှင့် နည်းပညာသည် လူသားအကျိုးပြု၊ လူ့ဘောင်အကျိုးပြု ဖန်တီးထားသော ပလက်ဖောင်းများဖြစ်ရာ ယင်းတို့ကိုအသုံးပြုရာ၌ ကောင်းကျိုးများကို ရှေးရှုရမည်ဖြစ်သလို တစ်ဆင့်မျှဝေလက်ခံသူများအနေဖြင့်လည်း ဆင်ခြင်ဝေဖန်ပိုင်းခြားနိုင်စွမ်းဖြင့် အသုံးပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် သတင်းတု၊ သတင်းမှား၊ မမှန်သတင်းများဖြင့် တိုင်းပြည်ထိခိုက် အကျိုးယုတ်စေနိုင်သောကိစ္စရပ်များကို သတိပြုဖယ်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ငလျင်ဘေးဒဏ်သင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၄ ရက်အထိ သေဆုံးသူ ၃၇၆၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၁ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

**ထောက်ပံ့လှူဒါန်းလျက်ရှိ**

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၃ ရက် ည ၇ နာရီမှ မေ ၂၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံမှ ထောက်ပံ့ပေးသည့် မေးခိုင်ရောဂါကာကွယ်ဆေး စုစုပေါင်း တန်ချိန် ၂ ဒသမ ၉၈ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မေ ၂၄**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့တွင် ၄၈၈ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ တစ်ရက်တာအတွင်း ခုနစ်ပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေသည် နောက် ၁ ရက်မှ ၅ ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ငါးပေခွဲမှ ခြောက်ပေခွဲခန့်၊ နောက် ၅ ရက်မှ ၈ ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် လေးပေခွဲမှ ငါးပေခွဲခန့်၊ နောက် ၈ ရက်မှ ၁၃ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေခွဲမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ၂၄ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၆၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၁,၁၉၇ | ၈,၄၉၈,၇၀၀ |
| MTSH | ၃,၂၀၀ | ၃,၀၅၀ | ၂၉၀ | ၉၁၇,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅ | ၄၁,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁ | ၁,၈၀၀ |
| TMH | ၂,၉၅၀ | ၃,၀၀၀ | ၆၆ | ၁၉၅,၇၀၀ |
| EFR | ၁,၅၀၀ | ၁,၄၅၀ | ၁၂၇ | ၁၈၇,၀၀၀ |
| AMATA | ၃,၉၅၀ | ၃,၇၀၀ | ၅၃၅ | ၂,၁၀၆,၂၀၀ |
| MAEX | ၃,၀၅၀ | ၃,၁၀၀ | ၇၀၀ | ၂,၁၄၅,၀၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

✻ ရှေ့ဖုံးမှ

အဆောက်အအုံ အတွင်းရှိ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူ စာစုများ ထားရှိသည့်အခန်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေ၊ ပုရပိုက်ဌာနစိတ်နှင့် စာကြည့်တိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုများ၊ စာအုပ်များကို အမျိုးအစားအလိုက် ထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား စာပေအမျိုးအစားအလိုက်ခွဲခြား၍ စနစ်တကျ ပြန်လည် သိမ်းဆည်းခြင်း၊ မှတ်တမ်း တင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည် များကို ပြန်လည် ပြုပြင်ခြင်းများ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုးဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်ကြောင်း၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ မြန်မာ့နိုင်ငံရေး သမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်း သိရှိနိုင်ရန်လိုသည့်အတွက် မိမိတို့ တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက်လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စာကြည့်တိုက် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ရင်ပြင်တော်အချို့နေရာများတွင် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့မှု၊ သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရင်ပြင်တော်နေရာများ၊ မြေထိန်းနံရံနေရာများနှင့် စာမျက်နှာ ၄ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ပေ၊ ပုရပိုက်ဌာနစိတ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

- ☆ **စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုး ဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်**
- ☆ **စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လို**
- ☆ **မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်းသိရှိနိုင်ရန်လိုသည့်အတွက် မိမိတို့ တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက် လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။

✻ စာမျက်နှာ ၃ မှ

သာသနိက အဆောက်အအုံအချို့အား ပြန်လည်ပြုပြင်ခြင်းများကို စနစ်တကျဖြင့် အမြန်ဆုံး ဆောင်ရွက်သွားရန် လိုကြောင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ရနိုင်သမျှ ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စေတီတော်ကြီးရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်ရာတွင် စေတနာရှင် အလှူရှင်များအနေဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ရေးအတွက်လည်း နှိုးဆော်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား အစာအာဟာရများကျွေးမွေးခဲ့ကြသည်။

အဆိုပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အချင်း တစ်မီတာရှိ Bored Pile ပေါင်း ၄၄၀ ပေါ်တွင် စနစ်တကျတွက်ချက်၍ အုတ်မြစ်ချ တည်ဆောက်ခဲ့ခြင်း ဖြစ်သဖြင့် ယခုငလျင်ဘေးဒဏ် ကြုံတွေ့ခဲ့ရချိန်တွင် မူလစေတီတော်ကြီး၌ အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီးရင်ပြင်တော်အနေဖြင့် အချို့နေရာများတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့ရပြီး ထိခိုက်ပျက်စီးခဲ့ရမှုများကို နိုင်ငံတော်အနေဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ အနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် စေတီတော်ကြီး ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E.Mr. Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E.Mr.Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မိမိအနေဖြင့် အဆွေတော်၏နိုင်ငံတွင်လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း၊ မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤတုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်ကို ကျော်လွှားနိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ မိမိအနေဖြင့်ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာအားပေးပါကြောင်း ဖော်ပြပါရှိသည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်**

မိမိအနေဖြင့် အဆွေတော်၏နိုင်ငံတွင် လှုပ်ခတ်ခဲ့သောမြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤတုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်ရပ်ကို ကျော်လွှားနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာအားပေးပါကြောင်းကို ပြောကြားလိုပါသည်။

လေးစားလျက်

**အီဂေါ် ခရက်စ်နော့**
**ရှေ့နေချုပ်**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးငလျင်ဘေးခံစားခဲ့ရသော ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် Shwe Mya Yar Pharmaceutical Factory က ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန် ဂိုဏ်းပေါင်းစုံ သဘာဝဘေးအန္တရာယ်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဖဟိုကော်မတီက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၄

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုရားစေတီ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ငလျင်ဒဏ်သင့်ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀၀ ကိုပေးအပ်လှူဒါန်းရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပင်းတယမြို့ မြောက်ကျောင်းကြီးဘုရားတိုက်နှင့် စေတီကြီးကျောင်းတိုက်တို့သို့သွားရောက်၍ ကျောင်းတိုက်များအတွင်း၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုကြပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မြောက်ဥက္ကလာ မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် မီးဘေးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ညရပ်ကွက်အတွင်း ပြုလုပ်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်း မီးဘေးလုံခြုံရေး၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် လျှပ်စစ်သွယ်တန်းမှုအခြေအနေ၊ မီးသတ်ဆေးဘူးနှင့် မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ရေလုံလောက်စွာရရှိမှု၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိမှုနှင့် ရပ်ကွက်များအတွင်း မီးသတ်ယာဉ်များ အလွယ်တကူဝင်ရောက်နိုင်မှု ရှိ/မရှိ စသည့်အခြေအနေများကို အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# သတိပြုရမည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ဝင်းထွဋ်ဦး

မတ်လ ၂၈ ရက်နေ့မှာ လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးကြောင့် နိုင်ငံတစ်ဝန်းလုံး ပြည်သူ သိန်းနဲ့ချီပြီး သဘာဝဘေးအန္တရာယ်ကို ခံစားကြရပါတယ်။ ငလျင်ဒဏ်ခံကြရပြီး သေကျေပျက်စီး ထိခိုက်ဒဏ်ရာတွေ ရခဲ့ကြတယ်။ ဖြစ်တဲ့အချိန်က ပူပြင်းတဲ့ရာသီဖြစ်တာကြောင့် အသက်မသေဘဲ ကျန်ခဲ့တဲ့ ငလျင်ဒဏ်သင့်ပြည်သူတွေရော၊ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေကြတဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်းက အဖွဲ့ဝင်တွေအားလုံးဟာ နွေရာသီရဲ့ ပြင်းထန်တဲ့အပူရှိန်ကို အန်တုရင်ဆိုင် ဖြတ်သန်းနေကြရပါတယ်။ ကွင်းပြင်ကျယ်မှာ ယာယီတဲတွေနဲ့ နေထိုင်ကြတဲ့ ပြည်သူတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေကြတဲ့ အဖွဲ့အစည်းတွေဟာ အပူဒဏ်ခံစားရတာ အနည်းနဲ့ အများသာ ကွာကြပါလိမ့်မယ် ခံစားကြရတာတော့ အားလုံးပါပဲ။ အပူဒဏ်ကာကွယ်နိုင်ဖို့ သတိပြု ဆောင်ရွက်ကြရပါမယ်။ တစ်ဆက်တည်း သတိထားရမှာက နေ့အပူချိန် သိသိသာသာ မြင့်တက်လာတာကိုပါပဲ။ မွန်းတည့်ချိန်မှစပြီး အပူချိန်သိသိသာသာ မြင့်တက်လာပါတယ်။ နှစ်နာရီကျော်လောက်ထိ အပူချိန်ဆက်တိုက် တိုးလာပါတယ်။ အပူချိန်မြင့်လာတာနဲ့အတူ ခရမ်းလွန်ရောင်ခြည် (UV) အညွှန်းကိန်းလည်း တက်လာပါတယ်။ သတိပြုကာကွယ်ဖို့ လိုလာပါတယ်။

### လှိုင်းတိုသော မမြင်နိုင်တဲ့ရောင်ခြည်မျိုးဖြစ်

UV ဆိုတာ ခရမ်းလွန်ရောင်ခြည် ခေါ် အာထရာဗိုင်အိုလက် (ultraviolet)ရဲ့ အတိုကောက် စာလုံးဖြစ်တယ်။ နည်းပညာနယ်ပယ်မှာသာ ခေါ်ဆို အသုံးပြုကြပါတယ်။ ခရမ်းလွန်ရောင်ခြည်ဆိုတာက မြင်နိုင်တဲ့ခရမ်းရောင်ထက် လှိုင်းတိုသော မမြင်နိုင်တဲ့ရောင်ခြည်မျိုးဖြစ်တယ်။ မိကျောင်းတွေနဲ့ ငှက်လေးတွေလို တိရစ္ဆာန်အများစုက မြင်တွေ့နိုင်တယ်။ ခရမ်းလွန်ရောင်ခြည်လို့ ခေါ်ရတာက လူတို့မြင်နိုင်တဲ့ ခရမ်းရောင်ထက် ကြိမ်နှုန်းနဲ့ လှိုင်းအလျားတို့ သာလွန်နေတာကြောင့် ဖြစ်ပါတယ်။ နေရောင်ခြည်မှာ သဘာဝအားဖြင့် ပါဝင်ပြီး ပြဒါးမီးလုံးတစ်မျိုးအနေနဲ့လည်း ဖန်တီး ထုတ်ယူနိုင်တယ်။ မြေပြင်သို့မရောက်မီ ခရမ်းလွန်ရောင်ခြည်ကို အိုဇုန်းလွှာက စုပ်ယူလိုက်တယ်။ ထိုရောင်ခြည်အနည်းငယ်ဟာ အကျိုးပြုပေမယ့်လည်း များလွန်းရင် အန္တရာယ်ဖြစ်စေပါတယ်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း သုညမှ ၂ ဒသမ ၉ အထိရှိရင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း နည်းပါးတယ်။ ဒါပေမဲ့ ပြင်းထန်နေရောင်အောက်ကို သွားလာမယ်ဆိုပါက နေကာမျက်မှန်၊ နေပူခံခရင် လိမ်းဆေးအသုံးပြုသင့်ပါတယ်။

အညွှန်းကိန်း ၃ မှ ၅ ဒသမ ၉ အထိရှိလာရင် ခရမ်းလွန်ရောင်ခြည် အတန်အသင့်ပါဝင်လာပါပြီ။ ထိုအခြေအနေမျိုးဆိုရင် သတိထားရတော့မှာပါ။ နေရောင်ခြည်အောက်ကို သွားလာမယ်ဆိုရင် နေရောင်မထိအောင် လုံလုံခြုံခြုံ ဝတ်ဆင်သွားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အပူချိန်မြင့်မားတဲ့ နေ့ခင်းဘက်မှာ အရိပ်အာဝါသအောက်မှာသာ နေထိုင်သင့်ပါတယ်။

### ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းများ

အညွှန်းကိန်း ၆ ကနေ ၇ ဒသမ ၉ အထိရှိလာရင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာပြီ ဖြစ်ပါတယ်။ အဲဒီအခြေအနေမျိုးမှာ ခန္ဓာကိုယ်တစ်ခုလုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်မှုက ကာကွယ်နိုင်တဲ့ အဝတ်အစားဝတ်ဆင်တာ၊ နေကာမျက်မှန်တပ်ဆင်တာ၊ ထီး၊ ဦးထုပ်တွေဆောင်းတာ၊ နေလောင်ဒဏ်ကာကွယ်တဲ့ခရင် (Sun Protection Factor– SPF) ကြိုတင်သုံးစွဲတာမျိုးကို ပြုလုပ်ရပါမယ်။ နေရောင်ခြည်အောက် သွားလာတာမျိုးကို အတတ်နိုင်ဆုံး ရှောင်ရှားသွားဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ အညွှန်းကိန်း ၁၁ နဲ့ အထက်ရှိရင်တော့ ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာ မြင့်မားပါပြီ။ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်ပါတယ်။ အဘက်ဘက်က သတိထားရမယ့် အခြေအနေဖြစ်ပါတယ်။ ဒီအခြေအနေမျိုးမှာ နေလောင်ဒဏ်ခံခရင်တွေ သုံးစွဲတာ၊ အင်္ကျီလက်ရှည်နဲ့ ဘောင်းဘီရှည်ဝတ်ဆင်တာ၊ နေကာမျက်မှန် တပ်ဆင်တာ၊ နေရောင်ခြည် အကာအကွယ်ပေးတဲ့ ထီး၊ ဦးထုပ်ဆောင်းတာတွေ မဖြစ်မနေ ပြုလုပ်ကြရပါမယ်။ နေအပူချိန်မြင့်မားဆုံး မွန်းတည့်ချိန်နဲ့ နေ့လယ်ပိုင်းတွေမှာ တတ်နိုင်ရင် နေရောင်ခြည်အောက် သွားလာတာမျိုးကို လုံးဝ ရှောင်ကြဉ်သင့်ပါတယ်။ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ ခံရသူတွေဟာ အသားအရေတွေ တဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရပါမယ်။ လွန်ကဲစွာ ကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားတဲ့အထိ ခံစားရမှာ ဖြစ်ပါတယ်။

> ❝အညွှန်းကိန်း ၆ ကနေ ၇ ဒသမ ၉ အထိရှိလာရင် ခရမ်းလွန်ရောင်ခြည် ပါဝင်မှုနှုန်းမြင့်မားလာပြီဖြစ်ပါတယ်။ အဲဒီအခြေအနေမျိုးမှာ ခန္ဓာကိုယ်တစ်ခု လုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်မှုက ကာကွယ်နိုင်တဲ့ အဝတ်အစား ဝတ်ဆင်တာ၊ နေကာမျက်မှန်တပ်ဆင်တာ၊ ထီး၊ ဦးထုပ်တွေဆောင်းတာ၊ နေလောင် ဒဏ်ကာကွယ်တဲ့ခရင် (Sun Protection Factor- SPF) ကြိုတင် သုံးစွဲတာမျိုးကို ပြုလုပ်ရပါမယ်။ နေရောင်ခြည်အောက် သွားလာတာမျိုးကို အတတ်နိုင်ဆုံး ရှောင်ရှားသွားဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ အညွှန်းကိန်း ၁၁ နဲ့ အထက်ရှိရင်တော့ ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာမြင့်မားပါပြီ။ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်❞

ခရမ်းလွန်ရောင်ခြည်ဟာ အန္တရာယ်ရှိလို့ သတိပြုနေထိုင်သွားလာဖို့ အချိန်ကာလရောက်နေပြီ ဖြစ်ပါတယ်။ ခရမ်းလွန်ရောင်ခြည်ဟာ အရေပြားနဲ့ မျက်လုံးကို ဆိုးကျိုးအများဆုံး ဖြစ်စေနိုင်ပါတယ်။

**(၁) အရေပြား**

အရေပြားဆဲလ်တွေကို ပျက်စီးစေပြီး နီရဲလာတာ၊ အသားအရောင်ပြောင်းလဲစေတာ၊ တင်းတိပ်၊ မှဲ့ခြောက်နဲ့ အရေးအကြောင်းတွေ ဖြစ်စေတာ၊ အခြားအရေပြားရောဂါတွေအပြင် အရေပြားကင်ဆာအထိပါ ဖြစ်စေနိုင်ပါတယ်။

**(၂) မျက်လုံး**

ခရမ်းလွန်ရောင်ခြည်ဟာ မျက်လုံးကိုလည်း ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ မျက်ကြည်လွှာရောင်ခြင်း၊ မျက်သားတက်ခြင်း၊ တိမ်ဖြစ်ခြင်း၊ အမြင်ဝါးစေခြင်းတွေအပြင် မျက်လုံးကင်ဆာကိုလည်း ဖြစ်စေနိုင်ပါတယ်။

ခရမ်းလွန်ရောင်ခြည်သင့်နိုင်ခြေ ပိုများတာက အသားဖြူသူ၊ ဆံပင်အရောင်ဖျော့သူ၊ မှဲ့များသူ၊ တင်းတိပ်ရှိသူ၊ နေလောင်လွယ်တဲ့အသားအရေရှိသူနဲ့ ငယ်ငယ်က နေလောင်မှုပြင်းပြင်းထန်ထန် ခံစားခဲ့ရဖူးသူတွေပါပဲ။

ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုများရင် အရွယ်မတိုင်မီ အသားအရေရင့်ရော်တာ၊ အရေးအကြောင်းတွေနဲ့ အသားအရေကြမ်းတမ်းလာတာ၊ တင်းတိပ်ဖြစ်တာ၊ အသားအရေ တင်းရင်းမှုမရှိတော့တာတွေအပြင် အစက်အပြောက်များလာတာ၊ ကင်ဆာဖြစ်ခါနီး အသားအရေပြောင်းလဲတာ(actinic keratoses)ကို ဖြစ်စေနိုင်ပါတယ်။

### အပြင်ကို မလိုအပ်ဘဲမထွက်ပါနဲ့

ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုမရှိစေဖို့ နေအပြင်းဆုံး နေ့ခင်းပိုင်းတွေမှာ အပြင်ကို မလိုအပ်ဘဲ မထွက်ပါနဲ့။ မနက် ၁၀ နာရီကနေ ညနေ ၃ နာရီ၊ ၄ နာရီလောက်ထိ နေပူထဲ တိုက်ရိုက်ထွက်တာကို ရှောင်သင့်ပါတယ်။ မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင်လည်း နေရောင်နဲ့ တိုက်ရိုက်မထိတွေ့အောင် အကာအကွယ်ယူပြီး သွားလာဖို့လိုပါတယ်။

အဲဒါကြောင့် ငလျင်ဒဏ်သင့်ပြည်သူတွေရော ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေကြတဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်းက အဖွဲ့ဝင်တွေအနေနဲ့ ခရမ်းလွန်ရောင်ခြည် ကာကွယ်နိုင်မယ့် နည်းလမ်းတွေကို သိရှိလိုက်နာကြဖို့ လိုပါတယ်။

ခရမ်းလွန်ရောင်ခြည် ကာကွယ်နိုင်မယ့် နည်းလမ်းတွေကတော့

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားရေကို နေရောင်ခြည်နဲ့ တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနဲ့ ပခုံးတို့ကိုပါ လုံခြုံတဲ့ ထီး၊ ဦးထုပ် စတာတွေကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်တဲ့ ချည်သား ထူထူပွပွအဝတ်အထည်တွေကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်ဟာ မျက်စိကိုလည်း ထိခိုက်စေနိုင်လို့ ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်တဲ့ နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေတဲ့ လက်၊ လည်ပင်းနဲ့ ပခုံးစတဲ့နေရာတွေကို သနပ်ခါးထူထူ(သို့မဟုတ်) SPF 15 + ပါဝင်တဲ့ နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ (၁၅)မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်တွေနဲ့ သက်ကြီးဘိုးဘွားတွေဟာ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်လို့ အထူးဂရုပြုဆင်ခြင်ဖို့ လိုအပ်ပါတယ်။ အသက်တစ်နှစ်အောက် ကလေးငယ်တွေကိုနေပူထဲကို ခေါ်ဆောင်ခြင်းမပြုပါနဲ့၊ ကလေးတွေကို အရိပ်ထဲတွင်သာ ကစားစေပါ။

ဒီအချက်တွေကို သိရှိနားလည်လိုက်နာ ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒါမှလည်း အခုလို သဘာဝဘေးအန္တရာယ်ကို ခံစားနေကြရတဲ့ကာလ အပူချိန်မြင့်တက်နေတဲ့အချိန်၊ UV အညွှန်းကိန်း အလွန်ကို မြင့်မားစွာရှိနေတဲ့အချိန်တွေမှာ ခရမ်းလွန်ရောင်ခြည်အန္တရာယ်တွေကို ကာကွယ်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




မတ်လ၊ ၂၀၂၅ခုနှစ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင်သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နွားမွေးမြူရေးခြံ၌ နွားများမွေးမြူထားရှိမှုနှင့် နွားစာအတွက် နွားစာဟင်းနုနယ်မြက်နှင့် နေပီယာမြက်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ နွားမျိုးကောင်းမျိုးသန့်များ ထည့်သွင်းမွေးမြူနိုင်ရေး လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းပိုင်မြေပေါ်တွင် နှမ်းစပါးစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ယာဉ်၊ စက်ယန္တရား သိုလှောင်ရုံအတွင်း ယာယီဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကယားပြည်နယ်ဝန်ကြီးချုပ် ရေဖျန်းကိရိယာဖြင့် ပဲပုပ်နှင့်နေကြာ စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲ တက်ရောက်အားပေး

လွိုင်ကော် မေ ၂၄

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ စိုက်ပျိုးရေးသုတေသနခြံတွင် နွေရာသီ၌ ရေဖျန်းကိရိယာနည်းစနစ်ဖြင့် ပဲပုပ်နှင့် နေကြာသီးနှံစံပြကွက်စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးရေကို အလေအလွင့်မရှိဘဲ စနစ်တကျ အသုံးချရန်လိုကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု၍ သီးနှံများ၏



ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရန်နှင့် ပြည်နယ်အတွင်း စိုက်စွမ်းအားတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လွိုင်ကော်စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံက ရေဖျန်းကိရိယာဖြင့် ပဲပုပ်နှင့် နေကြာစိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေးသုတေသနခြံများ၏ ဆောင်ရွက်ချက်များ၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာက စိုက်ပျိုးရေးနည်းပညာဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးရာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများ၊ တောင်သူများအား လွိုင်ကော်စိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံက ရေဖျန်းကိရိယာဖြင့် စိုက်ပျိုးထားရှိသည့် ပဲပုပ်နှင့် နေကြာသရုပ်ပြစိုက်ခင်း၌ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး



ပဲခူး မေ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မေ ၂၃ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု၌ ဒေသကြက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးဆိုင်ရာ အသိပညာများဖြန့်ဝေပေးနိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်အသစ်များ ထပ်မံတိုးပွားလာစေရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ထိန်တောမြို့ ထိန်တောဈေးသစ်တည်ဆောက်ပြီးစီးမှုနှင့် ဈေးရောင်းချနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး မီးဘေးအန္တရာယ် အထူးဂရုပြုရန်၊ ဈေးအတွင်း/အပြင် သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ရန်၊ ကိုယ်တိုင် စိုက်ပျိုးမွေးမြူသူများအားဖိတ်ခေါ်၍ လက်လီအဆင့်ဆင့်မရှိစေဘဲ စားသုံးသူများထံ တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ခမုံဆိပ်ကျေးရွာအုပ်စုရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမင်းမင်းထွန်း၏ ကာကီကင်းအမျိုးအစား ဥစားဘဲကောင်ရေ ၂၀၀၀ စမ်းသပ်မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ကုန်ချောအဆင့်ထိ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနိုင်ရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ဖိုးကတိုးကျေးရွာအုပ်စု၌ တောင်သူ ဦးကြာပန်း၏ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး နွေစပါးစိုက်ခင်းများ ရေလိုအပ်ချက်မရှိစေရေး ဆောင်ရွက်ပေးရန်၊ ဆိုလာရေတင်စနစ် အသုံးပြုနိုင်ရေး ချိတ်ဆက်ပေးရန်၊ ဈေးကွက်အတွင်း ထိုက်သင့်သည့် ဈေးနှုန်းရရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကျုံပျော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲပြုလုပ်

ကျုံပျော် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျုံပျော်မြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု တောင်သူ ဦးခင်မောင်သန်း၏ လယ်မြေ လေးဧက၌ ပြုလုပ်သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနကိုယ်စားပြုခရိုင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းအောင်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်နှင့် ဝန်ထမ်းများ၊ တောင်သူများက လယ်မြေအတွင်းသို့ ပိုက်ဆံလျှော်မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) အစည်းအဝေးခန်းမ၌ စက်ရုံမှတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။





**ဦးစားပေးရောင်းချ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ငလျင်ဘေးဒဏ်သင့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်၍ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှသာ ဈေးနှုန်းတည်ငြိမ်မှုရှိမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထုတ်လုပ်သည့်ဘိလပ်မြေများကို ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးရုံများ၊ ကျောင်းများ ပြုပြင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေး ရောင်းချရမည်ဖြစ်ကြောင်း။

ထို့ပြင် ငလျင်ဘေးဒဏ်သင့်ဒေသများသို့လည်း ဖြန့်ဖြူးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် စက်ရုံအချင်းချင်း လိုအပ်ချက်များကို အပြန်အလှန်ကူညီပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေများ များစွာလိုအပ်၍ စက်ရုံအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံမှ တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ စက်ကိရိယာပစ္စည်းများပြုပြင်ခဲ့မှု၊ စက်ရုံပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်အတွင်း လိုအပ်ချက်မြင့်မားလျက်ရှိသည့် ဘိလပ်မြေများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးမှာကြားပြီး ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်၊ ဓာတ်ခွဲခန်းများနှင့် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပါချီ ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန် ၄၀၀၀ နှင့် တန် ၁၅၀၀ လည်ပတ်ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်မှ ၂၂ ရက်အထိ ကလင်ကာတန်ချိန် ၈၀၀၀၀ ခန့် ထုတ်လုပ်ခဲ့ကြောင်း၊ ဘိလပ်မြေကြိတ်စက်ရုံကို ငလျင်လှုပ်ခတ်ပြီးချိန်တွင် သုံးနာရီခန့်ရပ်တန့်၍ စက်များကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ တစ်ဆက်တစ်စပ်တည်း လည်ပတ်၍ ဘိလပ်မြေတန်ချိန် ၆၀၀၀၀ ထုတ်လုပ်ကာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် စက်ရုံမှထုတ်လုပ်သော ကလင်ကာများကို ရန်ကုန်မြို့ သီလဝါစက်မှုဇုန်ရှိ ဘိလပ်မြေကြိတ်စက်ရုံများသို့ ပေးပို့၍ ဘိလပ်မြေများ ထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို စက်ရုံအထိုင်ဈေး တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ နှုန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်သင့် အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်



နေပြည်တော် ဧပြီ ၂၄

ငလျင်ဒဏ်သင့်အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံငလျင်ကော်မတီနှင့် အထူးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြင်ပ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးမြို့တော်ဝန်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးသွားသော အဆောက်အအုံနှင့် အခြေခံအဆောက်အအုံဆိုင်ရာကိစ္စရပ်များအတွက် နည်းပညာရပ်ဆိုင်ရာ စစ်ဆေးရေး အထောက်အကူပြုအဖွဲ့များအား အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ ငလျင်ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်လက်ဖွဲ့စည်းပေးထားပြီးဖြစ်၍ ၎င်းအဖွဲ့များအနေဖြင့် ပျက်စီးမှုများကို စမ်းသပ်ကိရိယာများဖြင့် စစ်ဆေးကာ လတ်တလောသာမန်ပြင်ဆင်နိုင်မည့်အခြေအနေ၊ အကြီးစားပြင်ဆင်ရမည့်အခြေအနေနှင့် ပြင်ဆင်၍မရဘဲ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဦးစားပေးစီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးမှုများအား စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ညှိနှိုင်းသုံးသပ်ခြင်းနှင့် လတ်တလောဆောင်ရွက်ရမည့် နည်းလမ်းများဖော်ထုတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသည့် ပညာရှင်များက ငလျင်ဒဏ်နှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငလျင်ကော်မတီမှ ပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှပညာရှင်များက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် နိုင်ငံတကာစံသတ်မှတ်ချက်များကို အခြေခံ၍ ပညာရှင်များနှင့် ပူးပေါင်းပြီး ငလျင်၏စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်၊ မန္တလေးမြို့တော်ဝန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီးခဲ့ရသည့်အခြေအနေ၊ စစ်ဆေးရေးဆောင်ရွက် ပြီးစီးသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သည်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုတွေ့ကြုံရသောငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် ယခင်နောက်ဆုံးထုတ်ပြန်ပြီးသော မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC–2020) တွင် ယခုတွေ့ကြုံရသည့် အဆောက်အအုံအပေါ်တွင် ငလျင်ဒဏ်သက်ရောက်လာနိုင်သည့် အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC–2025) ကို ထုတ်ဝေနိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**



# မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

ဇလွန် ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက စက်သုံးဆီအရောင်းဆိုင်များတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရန်လင်းထွဋ် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**

# မန္တလေးလျှင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၄

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့က မနာပဒါယီကိုရီးယား ဆရာတော်နှင့် ပြည်တွင်းပြည်ပ အလှူရှင်များက ငွေကျပ် သိန်း ၁၀၀ ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန(DMC)ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်




# မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group - APJG) မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) မျက်နှာချင်းဆိုင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





**တွေ့ဆုံဆွေးနွေး**

မျက်နှာချင်းဆိုင်အစည်းအဝေး၌ APJG မှ တွဲဖက်သဘာပတိများနှင့် အကဲဖြတ်သူများ၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့် အာရှပစိဖိတ်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering–APG) အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြသည်။

မျက်နှာချင်းဆိုင်အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့်အချက်များအပေါ် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ တိုးတက်အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောကြုံတွေ့ခဲ့ရသည့် ငလျင်သဘာဝဘေးအန္တရာယ်များ ခံစားနေရသည့် ကာလအတွင်း၌ပင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိဆောင်ရွက်ချက်များအပေါ်တွင်လည်း အသိအမှတ်ပြု၍ အဆင့်သတ်မှတ်ချက်များ တိုးမြှင့်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် FATF ၏ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် စံနှုန်းသတ်မှတ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များနှင့်အညီ ဥပဒေပိုင်းဆိုင်ရာ မူဘောင်များ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာ မူဘောင်များ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း FATF ၊ APG အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် APJG မှအကဲဖြတ်သူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ထပ်မံရှင်းလင်းသိရှိလိုသည့်အချက်များ မေးမြန်းခဲ့ခြင်းအပေါ် မြန်မာကိုယ်စားလှယ်များက ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းဖြေကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဆင်သေဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါးနှင့်နွေအခြားသီးနှံ လျာထားဧရိယာများသို့ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ်ရှိ လက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီးတို့မှ နွေစပါးနှင့်နွေအခြားသီးနှံ လျာထားဧရိယာများသို့ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ဆင်သေရေလှောင်တမံမှ ထုတ်လွှတ်သောရေများအား ဆင်သေချောင်းမှ တိုက်ရိုက်ရေသွယ်မြောင်း တူးဖော်၍ လက်ယာမြောင်းမကြီးသို့ ရေပို့လွှတ်ပြီး လက်တံမြောင်း၊ လက်တံမြောင်းခွဲများမှ နွေစပါးစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေ၊ ရေစုဧရိယာမှ တစ်ဆင့် ရေစုပ်တင်ပန့်များဖြင့် အသုံးပြုကာ လက်ဝဲမြောင်းမကြီးသို့ ရေပေးသွင်း၍ နွေစပါးစိုက်ခင်းများသို့ ရေရောက်ရှိနေမှုအခြေအနေနှင့် ဆင်သေရေလွှဲဆည်ရှေ့တွင် မြေသားရေတားတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆင်သေချောင်းမှ လက်ဝဲမြောင်းမကြီးအတွင်းသို့ စိုက်ပျိုးရေပိုမိုပေးဝေနိုင်ရေးအတွက် တိုက်ရိုက်ရေခေါ်မြောင်းတူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆင်သေဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါးနှင့် နွေအခြားသီးနှံ လျာထားဧရိယာများအားလုံးသို့ စိုက်ပျိုးရေ အမြန်ဆုံးရောက်ရှိစေရေး၊ မြေသားရေတားတာပေါင် ကြံ့ခိုင်တောင့်တင်းမှုရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေကို လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြင့် စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် သီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် တောင်သူများကိုယ်တိုင်နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီး ဆင်သေရေလှောင်တမံ၏ ဆည်ရေများကို လက်ဝဲ/လက်ယာမြောင်းမကြီးများဖြင့် ရေသောက်စနစ်သို့ ထိန်းညှိပို့လွှတ်ပေးလျက်ရှိသည့် ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်) သည် မန္တလေးငလျင်ကြီးကြောင့် မတ် ၂၈ ရက်တွင် ပထမအကြိမ်ထိခိုက်ပျက်စီးခဲ့ပြီး ဧပြီ ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သည့် နောက်ဆက်တွဲငလျင်များကြောင့် ဒုတိယအကြိမ် ထပ်မံကျိုးပေါက်ပျက်စီးခဲ့ရသဖြင့် ရေသောက်စနစ်အတွင်းရှိ နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေမှု နှောင့်နှေးခဲ့ရာ ယခုအချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လက်ယာမြောင်းမကြီးအား မေ ၁၇ ရက်တွင်လည်းကောင်း၊ လက်ဝဲမြောင်းမကြီးအား မေ ၂၁ ရက်တွင်လည်းကောင်း နွေစပါးနှင့် နွေအခြားသီးနှံ လျာထားဧရိယာများသို့ စိုက်ပျိုးရေများ ပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့၊ အလေးမနှင့် မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားနည်းများအနက်မှ လက်ဝှေ့၊ အလေးမနှင့် မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် လေ့ကျင့်လျက်ရှိသည့် လက်ဝှေ့အားကစားသမားများနှင့် အလေးမ အားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အုပ်ချုပ်၊ နည်းပြများ၊ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အားကစား၏အခြေခံဖြစ်သော ကိုယ်ခန္ဓာအချိုးအစားကြံ့ခိုင်စေရေး၊ နည်းစနစ်များ ကျွမ်းကျင်စေရေး၊ လျင်မြန်ဖျတ်လတ်မှုရှိစေရေး၊ ခွန်အားပြည့်ဝသန်မာစေရေး၊ သက်လုံကောင်းမွန်စေရေး၊ စိတ်ဓာတ်အားဖြင့်ကြံ့ခိုင်ပြီး အောင်နိုင်စိတ်မွေးမြူနိုင်စေရေးတို့အတွက် နည်းပြများအနေဖြင့် စနစ်တကျကြပ်မတ်လေ့ကျင့်ပေးရေး၊ လေ့ကျင့်လျက်ရှိသည့် အားကစားကွင်း၊ အားကစားရုံများ ကောင်းမွန်စေရေး၊ လေ့ကျင့်ရေးသုံးပစ္စည်းများ ပြည့်စုံစေရေး၊ ရာသီဥတုနှင့်အညီ စားသောက်ရေး၊ နေထိုင်ရေး၊ သောက်ရေ၊ သုံးရေအခက်အခဲများနှင့် လေ့ကျင့်မှုပိုင်းဆိုင်ရာအခက်အခဲများ အဆင်ပြေချောမွေ့စေရေးအတွက်လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသား အမျိုးသမီး မီတာ ၄၀၀၊ မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲများနှင့် မီတာ ၁၀၀၊ မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲများနှင့် သံလုံးပစ်/သံပြားပစ်/လှံတံပစ်/အမြင့်ခုန်/ အလျားခုန် ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ဟုမ္မလင်းမြို့နယ်အသင်းအား တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် လှံတံပစ်ပြိုင်ပွဲတွင် ၅၈ ဒသမ ၃၅ ဖြင့်စံချိန်သစ်တင်ခဲ့သည့် မောင်ချစ်မင်းအောင်အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး အမျိုးသားပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသည့်မြို့နယ်များအား ငွေသားဆုနှင့်ဒိုင်းဆုများအားပေးအပ်ချီးမြှင့်သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် မြို့နယ်များအား ငွေသားဆုနှင့်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်က အမျိုးသား အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက အမျိုးသား အမျိုးသမီး သံလုံးပစ်/ သံပြားပစ်/ လှံတံပစ်/ အလျားခုန်/ သုံးဆင့်ခုန်/ အမြင့်ခုန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများက မီတာ ၁၀၀/ မီတာ ၂၀၀/ မီတာ ၄၀၀/ မီတာ ၈၀၀/ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာဉည့်သည်ခေါ် ဘုရားပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကြည့်ရှုအားပေး

ချောင်းဆုံ မေ ၂၄

မွန်ပြည်နယ် (ဘီလူးကျွန်း) ချောင်းဆုံမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ဧည့်သည်ခေါ် ဘုရားပွဲတော်များကို ရှေးနှစ်ပေါင်းများစွာကတည်းက ရိုးရာအစဉ်အလာများ အတိုင်းကျင်းပခဲ့ပြီး ယနေ့တွင် ကညော်ကျေးရွာ ဧည့်သည်ခေါ် ဘုရားပွဲနှင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကိုကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကညော်ကျေးရွာ အတွင်း ဧည့်သည်ခေါ် ဘုရားပွဲတော်သို့ အများပြည်သူများ အေးချမ်းစွာ လာရောက်လည်ပတ်နေမှုများကို ကြည့်ရှုခဲ့ပြီး ကညော်ကျေးရွာ တိုက်ကျောင်းဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ခဲ့ကာ ဘုန်းတော်ကြီးကျောင်းအတွင်း ပြုလုပ်သည့် မြန်မာ့ရိုးရာ ခြင်းလုံး၊ ဝိုင်းခြင်း အလှခတ်ကစားပြခြင်း၊ ရွှဲအလှပြကစားခြင်းနှင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတို့ကို ကြည့်ရှုအားပေး၍ ဆုတော်ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း လက်ဝှေ့တွဲဆိုင်းခြောက်ဆိုင်းနှင့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ အနေဖြင့် ခရဝါးကလပ်နှင့် ဘိလပ်မြေစက်ရုံကလပ် ရိုးရာလက်ဝှေ့ကစားသမား တွဲဆိုင်းသုံးဆိုင်း စုစုပေါင်း လက်ဝှေ့ တွဲဆိုင်းကိုးဆိုင်းတို့က ရိုးရာယဉ်ကျေးမှုနှင့်အညီ ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# ဒဂုံမြို့သစ်ခရိုင်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားပြီး ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကပေးအပ်ရာ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ခရိုင်လျှပ်စစ်ဌာနတို့က လက်ခံရယူပြီး မြို့နယ်များ၏ ဒေသန္တရစီမံကိန်းတာဝန်များကို သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **နေမျိုးအောင်**



# လေျာင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ပါရမီရပ်ကွက်ရှိ မလေးရှားနိုင်ငံ ဆေးကုသရေးအဖွဲ့၏ ယာယီဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ အရံစေတီများ ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကုသရေးအဖွဲ့၏ ယာယီဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကိုလည်းကောင်း၊ ၎င်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောနေရာများ၌ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၊ ပိုးတန်းရပ်ကွက်ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိနည်းပညာတက္ကသိုလ်(စစ်ကိုင်း)၊ ပိုးတန်းရပ်ကွက်နှင့် နန်းစုရပ်ကွက်တို့ရှိ လူနေအဆောက်အအုံတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့ သွားရောက်၍ ရတနာပုံဥယျာဉ်လမ်းမတစ်လျှောက် အများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ မြို့ရိုးအရှေ့ဘက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လွှန်ကဲပြာသာဒ်နေရာတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုမီးသတ်ရုံးတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်သည်။ ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ Sky Villa၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel၊ မာကျူရီဟိုတယ်၊ ဘီကျင်ဟိုတယ်၊ တိုင်းဒေသကြီး သမဝါယမဦးစီးမှူးရုံးနှင့် ချမ်းအေးသာစံမြို့နယ်ရှိ အန္တရာယ်ရှိအဆောက်အအုံနေရာများသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအားကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ Sky Villa၊ အမရပူရမြို့နယ်ရှိ ရွှေအိုးရွှေဖားရ ကျောင်းတိုက်၊ ကွမ်စီရင် ဗုဒ္ဓဘာသာ တရုတ်ဘုံကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိဝေသာလီမဟာဂန္ဓာရုံ ကျောင်းတိုက်၊ သမိဒ္ဓေါဒယ(ယော) သီလရှင်ပရိယတ္တိစာသင်တိုက်နေရာများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ လုပ်ငန်းဆောင်ရွက်နေသူများအားစားသောက်ဖွယ်ရာများပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် MOTTAMA Foundationမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကာလတန်ဖိုးကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ လူနေမိုးကာတဲ အလုံး ၄၀၀ ကိုမန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ထံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ချမ်းအေးသာစံမြို့နယ် Golden City Hotel ၌ ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဆည်မြို့ သင်တောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရား၌ ရွှေသင်္ကန်းကပ်လှူခြင်း၊ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ သန့်ရှင်းရေးပြုလုပ်နေမှုများကိုလည်းကောင်း၊ ယာယီဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် စည်ပင်သာယာရေးပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက် ဖောင်းရွာကွင်း၌ မြေနေရာရှင်းလင်း ဖော်ထုတ်နေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် မင်းကုန်းမဟာစာသင်တိုက်မှ ကျောင်းဆောင်များအား SOP ဖြင့် စစ်ဆေးခဲ့ပြီး အန္တရာယ်ရှိ လေးထပ်ဆောင်အဆောက်အအုံ ဖြိုဖျက်ရှင်းလင်းဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်ခရိုင် အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ ၁၁၆၇ လုံးအားစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၃၃ လုံး၊ စာမျက်နှာ ၁၂ သို့ ○



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အောင်မြေသာစံမြို့နယ်ရှိ ကွမ်စီရင်ဗုဒ္ဓဘာသာတရုတ်ဘုံကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ယာယီဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် ကျောက်ဆည်မြို့ ဖောင်းရွာရပ်ကွက် ဖောင်းရွာကွင်း၌ မြေနေရာရှင်းလင်းဖော်ထုတ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ Police Brigadier General (Retired) Ary Laksmana Widjaja ခေါင်းဆောင်သော အဖွဲ့ဝင် ၄၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်နှစ်ခုဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ သံမှူးကြီး Harlianto နှင့် အင်ဒိုနီးရှားစစ်သံမှူး Col (Mar) Budi Chayono တို့က နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အင်ဒိုနီးရှားဆေးဘက်ဆိုင်ရာအဖွဲ့တွင် အထွေထွေရောဂါကုဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ ကလေးအထူးကု ဆရာဝန်များ၊ အရေးပေါ်အထူးကု ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ စီမံရေးအရာရှိနှင့်ထောက်ပံ့ရေးအရာရှိများပါဝင်ပြီး နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်(ခုတင်-၅၀)ဆံ့ဆေးရုံ၌ ဧပြီ ၇ ရက်မှ ၂၁ ရက်အထိ ငလျင်ဘေးဒဏ်သင့်ပြည်သူ ၄၈၇၄ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❍ စာမျက်နှာ ၁၁ မှ

ပြန်လည် ပြုပြင်နိုင်မည့် အဆောက်အအုံ ၈၃၀၊ အန္တရာယ်ရှိ အဆောက်အအုံများမှ ၁၆၁ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၇၂ လုံးဖြစ်ကြောင်း သိရသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ချည်မျှင်လုပ်သားကျေးရွာရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ပန်ဒါ ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ (ပုလိပ်)၊ မြောက်ကိုင်းကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာရှိ EABC(Europe & Asia Beverages Co.,Ltd)စက်ရုံနှင့် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ Htike Htike အထည်ချုပ်စက်ရုံများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စုရှိ မေတ္တာစွမ်းရည်ရွှေသိမ်တော် ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်စဉ်။



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်စဉ်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်း ထိခိုက်ပျက်စီးသွားသော အခြေခံပညာကျောင်း ၃၂၀ ရှိရာ မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အခြေခံပညာ အထက်တန်းကျောင်းများ အားလုံး၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားခြင်းနှင့် ကျောင်းအတွင်း/အပြင်သန့်ရှင်းရေးတို့ကို အပြီးသတ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ မေ ၂၄**

မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီ ကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့၍ ဘုရားဖူးဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘုရားဂေါပကအဖွဲ့က ဘုရားကျောင်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။

ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဘုရားရင်ပြင်တော် ကျောက်ပြားခင်းခြင်းလုပ်ငန်းနှင့် စံကျောင်းတော်ပင်မဆောင် ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ယခုနှစ်သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ အချိန်မီပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်သားများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုပ်အားဒါနရှင်များဖြင့် အရှိန်အဟုန်မြင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများထည့်ဝင်လှူဒါန်းကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်းထည့်ဝင် လှူဒါန်းငွေကျပ် ၁၂၄၅၀၇၄၇၀၀ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



**❖ ကျောဖုံးမှ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။"

**အကြံပြုချက်**

၂။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

**၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**



# ကုန်သွယ်ဖက်နိုင်ငံများအပေါ် အခွန်စည်းကြပ်မှုများနှင့်ပတ်သက်ပြီး အမေရိကန်ပြည်နယ် ၁၂ ခုက သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့အား တရားစွဲဆို

ဝါရှင်တန် မေ ၂၄

ကုန်သွယ်ဖက်နိုင်ငံများအပေါ် အခွန်စည်းကြပ်မှုများနှင့် ပတ်သက်ပြီး အမေရိကန်ပြည်နယ် ၁၂ ခုက သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့အား ပူးတွဲတရားစွဲဆိုထားကြောင်း သိရသည်။

ကုန်သွယ်ခွန်များ တိုးမြှင့်ခြင်းကြောင့် စားသုံးသူများကို ထိခိုက်နစ်နာစေကြောင်းလည်း ၎င်းပြည်နယ်များက ပြောကြားသည်။

ပြည်နယ် ၁၂ ခုမှ ညွန့်ပေါင်းအဖွဲ့သည် အမေရိကန် နိုင်ငံတကာ ကုန်သွယ်မှုတရားရုံး၌ သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့အား တရားစွဲဆိုခဲ့ကြောင်း နယူးယောက် ပြည်နယ်မှ တာဝန်ရှိသူများက မေ ၂၃ ရက်တွင် ပြောကြားသည်။ အမေရိကန်အစိုးရအဖွဲ့အနေဖြင့် အခွန်စည်းကြပ်မှုကို ရပ်တန့်ရန် တရားရုံးမှ ချမှတ်သည့်အမိန့်ကို ၎င်းပြည်နယ်များက တောင်းခံလျက်ရှိသည်။



အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ကေသီဟိုချူ။

အမေရိကန်နိုင်ငံ၏ လုပ်ပိုင်ခွင့်အာဏာကိုသမ္မတအား အပြည့်အဝ ပေးထားခြင်းမရှိဘဲ ကွန်ဂရက်လွှတ်တော်ကိုသာ ဆောင်ရွက်ခွင့် ပေးထားကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဖော်ပြထားသည်ဟု ပြည်နယ်များ၏ ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

သမ္မတ ထရမ့်၏ မဆင်မခြင် အခွန် ကောက်ခံမှုများသည် စားသုံးသူများအတွက် ကုန်ကျစရိတ်များ တစ်ဟုန်ထိုးတက်လာပြီး နိုင်ငံတစ်ဝန်း စီးပွားရေးမငြိမ်မသက်မှုများကို ဖြစ်ပေါ်စေကြောင်း နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး ကေသီဟိုချူက ပြောကြားသည်။

ထရမ့်၏ အုပ်ချုပ်ရေးအဖွဲ့အား တရားစွဲဆိုထားသည့် ပြည်နယ်များမှာ နယူးယောက်၊ အော်ရီဂွန်၊ အရီဇိုးနား၊ ကိုလိုရာဒို၊ ကွန်နက်တီကတ်၊ ဒယ်လာဝဲ၊ မိန်း၊ အီလီနွေ၊ မင်နီဆိုတာ၊ နီဗာဒါ၊ နယူးမက္ကဆီကိုနှင့် ဗားမောတ်တို့ဖြစ်သည်။

အလားတူ ကယ်လီဖိုးနီးယားပြည်နယ်သည် အခွန်စည်းကြပ်မှုများကို ရပ်တန့်ရန် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖက်ဒရယ်... ဗဟိုတရားရုံး၌ ထရမ့်အစိုးရအား တရားစွဲဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# (၂၄)ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး အမြင့်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

ဖနောင်ပင် မေ ၂၄

(၂၄)ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအမြင့်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်တွင် မေ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် အပူလှိုင်းဆိုင်ရာ အကြောင်းအရာများနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြသည်။

၎င်းထိပ်သီးဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အာဆီယံဒေသတွင်းနိုင်ငံများသည် လက်ရှိအချိန်တွင် ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အပူလှိုင်းများ တိုက်ခတ်ခြင်းတို့ကို မကြာခဏတွေ့ကြုံခံစားနေရကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဆိုင်ရာဝန်ကြီး သောချီသာက ပြောကြားသည်။ အာဆီယံဒေသတွင်းနိုင်ငံများတွင်ဖြစ်ပွားနေသည့် ရာသီဥတုပြောင်းလဲမှုများကို တိုက်ဖျက်ရန်အတွက် ရေရှည်အထိရည်မှန်းဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ အကြောင်းရင်းခံကို လေ့လာကာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုသည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်နှေးစေသဖြင့် ယခုထိပ်သီးဆွေးနွေးပွဲမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး မဟာဗျူဟာများကို တာဝန်ရှိသူများက ချမှတ်နိုင်မည်ဟု မိမိယုံကြည်ကြောင်း၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# တရုတ်နှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးများ အမြင်ချင်းဖလှယ်ဆွေးနွေး

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီနှင့် ပေကျင်းတွင် ယမန်နေ့က အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတကာအခြေအနေအရ တရုတ်နှင့် အီရန်အကြား မိတ်ဆွေအဖြစ်တည်ရှိနေမှု ခိုင်မာရန်လိုအပ်ပြီး နှစ်ဖက်စလုံးကလည်း ဆက်ဆံရေးခိုင်မာစေရေးအတွက် ဆန္ဒရှိနေကြောင်း ဝမ်ယိက ပြောကြားသည်။

တရုတ်နှင့်အီရန်တို့သည် အပြန်အလှန်ဖေးမကူညီမှုရှိပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အမေရိကန်၏ ကမ္ဘာ့နိုင်ငံများအပေါ် အခွန်တိုးမြှင့်ကောက်ခံသည့်အရေးကို တိုက်ဖျက်နေကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ကိုင်စွဲမည်ဖြစ်ပြီး အီရန်နျူကလီယားအရေးနှင့်ပတ်သက်၍ တရုတ်၏ အပြုသဘောဆောင်သည့် ရပ်တည်ချက်ကို ကြိုဆိုကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ တရုတ်နိုင်ငံနှင့်လက်တွဲ၍ လက်ဝါးကြီးအုပ်ဝါဒကို တိုက်ဖျက်မည်ဖြစ်ကာ နိုင်ငံစုံ ဘုံအကျိုးစီးပွားကိုရှေးရှုသည့် မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယားသမ္မတဟောင်း မွန်းဂျေအင်းအား လာဘ်ပေးလာဘ်ယူမှုဖြင့် စွဲချက်တင်

ဆိုးလ် မေ ၂၄

တောင်ကိုရီးယားသမ္မတဟောင်း မွန်းဂျေအင်းအား လာဘ်ပေးလာဘ်ယူမှုဖြင့် စွဲချက်တင်ထားကြောင်း တောင်ကိုရီးယား အစိုးရရှေ့နေများက ယနေ့ပြောကြားသည်။

မွန်းဂျေအင်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လမှ နှစ်နှစ်ခန့်ကာလအတွင်း လွှတ်တော်အမတ်ဟောင်းတစ်ဦး တည်ထောင်ခဲ့သည့် လေကြောင်းလိုင်း ကုမ္ပဏီတစ်ခုထံမှ အမေရိကန်ဒေါ်လာ ၁၄၇၀၀၀ ကျော်ကို ရယူခဲ့ကြောင်း အစိုးရရှေ့နေများက မေ ၂၄ ရက်တွင် ပြောကြားသည်။

မွန်းသည် ကုမ္ပဏီ၏ အမှုဆောင်တစ်ဦးအဖြစ် ခန့်အပ်ခဲ့သော သူ့သမီး၏ခင်ပွန်းဟောင်းအတွက် လစာနှင့် အခြားငွေပေးချေမှုပုံစံဖြင့် ငွေလက်ခံရရှိခဲ့သည်ဟု အစိုးရရှေ့နေများက အခိုင်အမာ ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်း ကုမ္ပဏီပိုင်ရှင်ဖြစ်သည့် လွှတ်တော်အမတ်ဟောင်းကိုလည်း လာဘ်ပေးလာဘ်ယူမှုအပြင် တခြားစွဲချက်များဖြင့် တရားစွဲဆိုထားကြောင်း ၎င်းတို့က ပြောသည်။

လွှတ်တော်အမတ်ဟောင်းသည် မွန်းဂျေအင်း၏ အုပ်ချုပ်မှုအောက်တွင် အစိုးရဆက်စပ် အေဂျင်စီတစ်ခု၏ အကြီးအကဲအဖြစ် ခန့်အပ်ခံရကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

မွန်းဂျေအင်း အစိုးရသည် မြောက်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများကို တိုးမြှင့်ဆောင်ရွက်နေချိန်တွင် မြောက်ကိုရီးယားသို့ စင်းလုံးငှားလေယာဉ်ဝန်ဆောင်မှုအသစ်ကို စတင်ရန် အစိုးရ၏ပံ့ပိုးကူညီမှု လိုအပ်ခဲ့ကြောင်း အစိုးရရှေ့နေများက ဆိုသည်။

မွန်းဂျေအင်း၏ သမီးနှင့် ခင်ပွန်းဟောင်းကိုလည်း မကြာမီ တရားစွဲဆိုမည် ဖြစ်ကြောင်း သိရသည်။



မွန်းဂျေအင်း၏ စွဲချက်နှင့် ပတ်သက်ပြီး အရပ်ဘက်အဖွဲ့ တစ်ခုထံမှ တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် အစိုးရရှေ့နေများသည် စုံစမ်းစစ်ဆေးမှုကို ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည်။

လက်ရှိတွင် မွန်းဂျေအင်းသည် အစိုးရရှေ့နေများ၏ မေးခွန်းများကို ဖြေကြားရန် ငြင်းဆန်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အရှေ့တောင်အာရှ ဒေသအတွင်း၌ ဆိုက်ဘာလိမ်လည်မှု ကွန်ရက်များ များပြားလာ

ကုလသမဂ္ဂ မေ ၂၄

အရှေ့တောင်အာရှဒေသအတွင်း၌ ဆိုက်ဘာလိမ်လည်မှုကွန်ရက်များသည် သိသိသာသာ များပြားလာကြောင်း ကုလသမဂ္ဂက ယမန်နေ့တွင် ပြောကြားသည်။

၎င်းတို့သည် တောင်အမေရိကနှင့် အာဖရိကတို့ကဲ့သို့ နေရာအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သည်။ အရှေ့တောင်အာရှအစိုးရများက ဆိုက်ဘာလိမ်လည်မှုအဖွဲ့အစည်းများကို ပစ်မှတ်ထားနှိမ်နင်းလျက်ရှိစဉ် ကုလသမဂ္ဂ၏ ယခုအစီရင်ခံစာ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် မကြာသေးမီက စီးနင်းမှုများကြောင့် ဆိုက်ဘာလိမ်လည်မှုအဖွဲ့အစည်းများသည် ဒေသတွင်းနှင့် နယ်စပ်ဒေသများတစ်လျှောက် ၎င်းတို့၏ကွန်ရက်များကို ပြောင်းရွှေ့လျက်ရှိကြောင်း မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂရုံးက ပြောကြားသည်။

၎င်းတို့သည် ကမ္ဘာ့အခြားအရပ်ဒေသများမှ ရာဇဝတ်ဂိုဏ်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအပြင် ဉာဏ်ရည်တုနည်းပညာသုံးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ချဲ့ထွင်ဆောင်ရွက်လျက်ရှိကြောင်း မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂရုံး၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယာယီကိုယ်စားလှယ် ဘီနီဒစ် ဟော့မန်းက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ ရေယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၅၇၅၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Myanmar Yangon Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၆၉၅၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆၁၅၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၂၀၁၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၃၈ တန်၊ အခြားသစ် ၂ ဒသမ ၆၄၁ တန်၊ မီးသွေး ၅ ဒသမ ၃၃၁ တန်၊ ရှားမျှော အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေ ၁၂၃၄၂၃၃ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ အောင်လံမြို့နယ် ကွဲသေကျေးရွာအနီး၌ တရားဝင် သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် နွားအထီးလေးကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရလည်းကောင်း၊ မကွေးမြို့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၃၃၄၂၃၃ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




ညောင်ခါးရှည်ကျေးရွာ Famous ဆီဆိုင်အနီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၆၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေ ၄၀၀၉၉၆၀၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ထုံးဘို (၇)မိုင် ကတ္တားဂိတ်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Win Myanmar Pickup တစ်စီး၊ Toyota Dyna Light Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ဆည်မြို့ရှောင်လမ်း၌ လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၈၀၉၃၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Shiegx Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၇၉၄၈၃၅၈၀၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက်တွင် လပွတ္တာမြို့နယ် မင်းကုန်းကျေးရွာ၌ လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မေ ၂၃ ရက်တွင် မြန်အောင်ခရိုင်၊ ကျုံပျော်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၉၆ တန်၊ အခြားသစ် ၇ ဒသမ ၁၀၀ တန်(ခန့်မှန်းတန်ဖိုး ငွေ ၁၉၂၆၄၇၁ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ၂၂၂၆၄၇၁ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်၊ ရေးခရိုင်နှင့် ကျိုက်ထိုခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၅၄၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၂၉၈၂၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းထက်မင်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၀၇၇၆၅၀၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-7 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တိုက်ကြီးမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၈၆ တန်၊ အခြားသစ် သုံး ဒသမ ၇၁၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၆၈၅၀၇၂ ကျပ်နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Toyota Probox ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၀၉၆၄၆၁၅၇၇ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၃၈၀၈၀၁၅)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၅-၂၀၂၅ သောကြာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါမျှဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'မနောမြေက Lucky'
- ၁၉:၄၀ Soccer View
- ၁၀:၄၀ လူမှုစီးပွားသတင်းများ
- ၁၁:၄၀ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည့်လက်' (အပိုင်း-၁၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှူစွမ်းကောင်းများခေတ်' (အပိုင်း-၁၀)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၀ ရင်ခုန်စရာသဘာဝအလှတရားများနှင့် မြန်မာ့ဂုဏ်ဆောင်ငွေဆောင်ကမ်းခြေ
- ၁၇:၂၅ Weekly Sport Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သုတောင်းမေတ္တာတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည့်လက်' (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'မေတ္တာရေစင်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Zeyatu Sabba Mingalan
- 07:10 The Boat Trip to the Three Islands Around Ngwe Saung
- 07:28 Tastes of Home Land: Steamed Lobster
- 07:37 Listening Pleasure, Instrumental Music (Horn Violin) Sayama
- 07:48 Sarus Crane in Myanmar
- 08:01 News
- 08:26 ASEAN Women Entrepreneurship: Singapore
- 08:36 The Usefulness of Thread
- 09:01 The Four Famous of Bagan
- 09:48 Tray Art Products
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၃၅ တိုင်းရင်းသားသီချင်း၊ အက(ရခိုင်)
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၅)
- ၀၈:၁၀ စတီရီယိုတေးများ
- ၀၈:၃၅ ရုပ်စုံသဘင် 'ဝေဿန္တရာဇာတ်တော်ကြီး'
- ၁၀:၀၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ချစ်ခြင်းဖွဲ့ငပတ္တာ'

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) ကေတုမတီတောင်ငူမြို့သို့ အလည်တစ်ခေါက် (အပိုင်း-၁)
- ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀) တစ်နိုင်တစ်ပိုင်ကျူပျာရာက်လုပ်ငန်း
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) စိတ်ဝင်စားဖွယ်ရာများရှိရာ မြွေကျွန်းသို့
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
- ချင်း(လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀) မြင်းဘွာရှက်ရဲ့အစွမ်း
- ချင်း(ဇိုး) (၁၂:၀၀ မှ ၁၃:၀၀) ချင်းအမျိုးသမီးများ ပါးရဲထိုးခြင်းဓလေ့
- မွန် (၁၃:၀၀ မှ ၁၅:၀၀) ခရုဟင်းမွှန်ချက်
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) အနာဂတ်ရဲ့အိပ်မက်ခရီးရှည်
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း
- ဝ (၁၉:၀၀ မှ ၂၁:၀၀) ကျိုင်းတုံ 'ဝ' ရိုးရာဆန်ပြုတ်ချက်နည်း
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) စားချင်စဖွယ်ကချင်ဆာပြယ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၄၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၈)

### MRTV HD FARMERS' CHANNEL

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ သဘော်စိုက်ပျိုးနည်းနှင့် သဘော်သီး ချဉ်စပ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ AGRICULTURE IN INDIA
- ၁၉:၁၅ Rose Tour
- ၂၀:၃၀ ကျားလန်မပိုးတာတေတိုး(ဇာတ်လမ်း)
- ၂၂:၀၀ Hidden Figures 2016 (နိုင်ငံခြားဇာတ်လမ်း)

### MRTV HD SPORTS CHANNEL

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ရေဖြူမြို့နယ် ဒေါက်လောက် ကျေးရွာအနီးရှိ သံကူကွန်ကရစ်ဘေလီတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် တလိုင်းယာကျေးရွာအုပ်စု ဒေါက်လောက်ကျေးရွာအနီး ထားဝယ်ရေနက်ဆိပ်ကမ်းသို့သွားလာသည့်လမ်းပေါ်၌ ထားဝယ်မြစ်အား ဖြတ်သန်းဆောက်လုပ်ထားသည့် အရှည်ပေ ၅၀၀၊ အနံ ၁၂ ပေရှိ သံကူကွန်ကရစ်ဘေလီတံတားအား ယနေ့ နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ၆ လက်မ ၃ လက်မရှိ သစ်သားဇလီဖားများနှင့် အပေါ်ပျဉ်ခင်းများ ပေ ၂၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရသည်။

### ပြန်လည်ပြုပြင်သွားမည်

ပျက်စီးခဲ့သည့်တံတားအား ရေဖြူမြို့နယ် လမ်းဦးစီးဌာနမှ အမြန်ဆုံး ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် သံကူကွန်ကရစ်ဘေလီတံတားအား တွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်နေမှုကို ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၄

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ် ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ခဲ့ရပြီး ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ အမျိုးသမီးထိန်သိမ်းရေးစခန်းတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား မသက်မှူးအိမ်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ Expatriates Management Detention Center အမျိုးသမီးထိန်းသိမ်းရေးစခန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ ဂျက်ဒါ - Bangkok - Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သတင်း - ကျော်ကြီး
ဓာတ်ပုံ - မောင်သီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Kyaw Zay Ya" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာနေ ကျော်ဇေယျ(ခ)ကျော်ကျော်အား ည ၇ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကရင်ပြည်နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဘားအံ မေ ၂၄

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး စီမံကြီးကြပ်မှုအဖွဲ့အတွင်းရေးမှူးက စားအုန်းဆီ၊ ဆန်အစရှိသော အခြေခံစားကုန်များကို သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနေမှု၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်နယ်ကုန်ဈေးနှုန်း စစ်ဆေးရေးအဖွဲ့အတွင်းရေးမှူးက ဈေးကွက်အတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သီးနှံများ ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်နယ်ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးကြီးကြပ်မှုအဖွဲ့အတွင်းရေးမှူးက တရားမဝင်ကုန်စည်စီးဆင်းမှုမရှိစေရေး အရေးယူဆောင်ရွက်မှုအခြေအနေ၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ဖော်ဆောင်ရေးအဖွဲ့အတွင်းရေးမှူးက စိုက်ပျိုးသီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေး၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးစရိတ်နှင့် သွင်းအားစုစရိတ်များ လျော့ကျစေရေး၊ သားငါးတိုးတက်မွေးမြူထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိသည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် ဒေသကုန်ဈေးနှုန်းအခြေအနေ၊ သတ်မှတ်လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အခွန်လွတ်ဈေးများ ပုံမှန်လည်ပတ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်မှု၊ တရားမဝင်ကုန်စည်စီးဆင်းမှုမရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# R&A က ကျင်းပသော Level 3 Rule Exam ကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များ ဂုဏ်ထူးဖြင့်အောင်မြင်

ရန်ကုန် မေ ၂၄

R&A (Royal and Ancient Golf Club of St. Andrews) နှင့် ဗီယက်နမ် ဂေါက်သီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မေ ၂၁၊ ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဖွင့်လှစ်သော R&A Level 3 Tournament Administrators and Referees Seminar (TARS) နှင့် Asia Pacific Amateur Championship (AAC) Programme တို့တွင် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင် သုံးဦးသည် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များဖြစ်သည့် ဦးဘလှမောင် (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးကျော်ဇောနှင့် ဦးသိန်းဇော်ဝေတို့သည် R&A က ကျင်းပသော Level 3 Rule Exam ကို ဂုဏ်ထူးမှတ်ဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဒိုင်အဖွဲ့ဝင်များသည် မေ ၂၃ ရက်တွင် Asia Pacific Rule Program ကိုလည်း မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဂေါက်သီးအားကစားစည်းမျဉ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် R&A Level 2 Rule Seminar ( သင်တန်း)များ ဖွင့်လှစ်နိုင်ရေးအတွက် R&A တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၈၇၅ | ၄၅၀၅ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| 95 Ron | ၂၈၆၅ | ၂၉၇၅ | ၂၉၄၅ | ၂၈၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၆၀ | ၃၂၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၁၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၁၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❂ အင်တာမီလန်အသင်းမှ**

အနိုင်ရရှိခဲ့တာဖြစ်ပြီး အေစီမီလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၆ မိနစ်နဲ့ မိနစ် ၅၀ တို့မှာ လူကာဂျိုဗစ်ကနှစ်ဂိုးနဲ့ ၈၅ မိနစ်မှာ ရိဂျင်ဒါက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အေစီမီလန်အသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ လူကာဂျိုဗစ်ဟာ အေစီမီလန်အသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ နောက်ဆုံးငါးပွဲမှာ သွင်းဂိုးလေးဂိုးအထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ အင်တာမီလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကိုပါအီတာလီယာဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘိုလော့နာအသင်းနဲ့ အမ်ပိုလီအသင်းတို့ပွဲစဉ်မှ အနိုင်ရတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်လှမ်းခဲ့ပေမယ့် အီတလီစီးရီးအေပြိုင်ပွဲမှာ အမှတ်ပေးဇယားအဆင့် (၉) နေရာမှာ ရပ်တည်နေတာကြောင့် လာမယ့်ဘောလုံးရာသီချန်ပီယံလိဂ်ဝင်ခွင့်နဲ့လွဲရတော့မှာဖြစ်ပါတယ်။

အင်တာမီလန်အသင်းကတော့ လက်ရှိအချိန်တွင် အီတလီစီးရီးအေပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိထားတာဖြစ်ပါတယ်။

**ငွေကြယ်**

**❍ MNL ယူ-၂၁ မှ**

ယခုရာသီ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲကို လာမည့်ရာသီ MNL ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရထားသည့် ကလပ်အသင်း ၁၂ သင်းမှ လူငယ်အသင်းများအပြင် လူငယ်လက်ရွေးစင်အသင်းများဖြစ်သော မြန်မာ ယူ-၁၉ အသင်းက Junior Lions အသင်း၊ မြန်မာ ယူ-၁၆ အသင်းက Falcon အသင်းအမည်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကာ စုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုရာသီ MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင် Dagon Port အသင်း၊ သစ္စာအားမာန်အသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ ဧရာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ မဟာယူနိုက်တက်အသင်း၊ ရာမညယူနိုက်တက်အသင်း၊ အား/ကာသိပ္ပံအသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ ဒဂုံစတားယူနိုက်တက်အသင်း၊ Junior Lions အသင်း၊ Falcon အသင်း၊ ရတနာပုံအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မေ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၂၆၀၀၀၀ ကျော် စိုက်ပျိုးမှုတွင် ၁၁၃၇၁၅ ဧက ရိတ်သိမ်းထားပြီးဖြစ်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါး ၂၆၇၀၇၈ ဧက စိုက်ပျိုးခဲ့ပြီး မေ့ပြီလတတိယပတ်အထိ နွေစပါး ၁၁၃၇၁၅ ဧက ရိတ်သိမ်းထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း နွေစပါး ၂၅၀၈၉၆ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့၍ ယမန်နှစ် နွေစပါးစိုက်ပျိုးမှုထက် ၁၆၁၈၂ ဧက ပိုမိုစိုက်ပျိုးခဲ့ကာ ယခုနှစ် နွေစပါးပျမ်းမျှအားဖြင့် တစ်ဧကလျှင် ၉၃ ဒသမ ၄၇ ရာခိုင်နှုန်းထွက်ရှိကြောင်း သိရသည်။



တိုင်းဒေသကြီးအတွင်း ရာသီအလိုက် စပါးစိုက်ပျိုးမှုတွင် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စေရေးနှင့် စနစ်တကျစိုက်ပျိုးနိုင်စေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်များတွင် မျိုးစေ့ချကိရိယာ ၈၀၀၀ ပံ့ပိုးခဲ့၍ ၂၀၂၄ ခုနှစ်တွင် မျိုးစေ့ချကိရိယာစနစ်ဖြင့် ၈၅၇၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင်လည်း အဆိုပါစနစ်ဖြင့် ၁၀၆၀၀၅ ဧက တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ် နွေစပါးရိတ်သိမ်းချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း သကြံန်ကာလမှစ၍ နေရာကွက်ကြားမိုးရွာသွန်းမှု ကြုံတွေ့ခဲ့ရသော်လည်း ရိတ်သိမ်းစ နွေစပါးစိုက်ခင်းများ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းပြီးချိန်၌ စိုက်ကေမြေဆီလွှာများ တိုးတက်ကောင်းမွန်လာစေရန် နွေထယ်ရေးခံခြင်းနှင့် သဘာဝမြေဩဇာဖြစ်သော ပိုက်ဆံလျှော်စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို စီမံဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးကို ခရိုင်ရှစ်ခရိုင်တွင် စိုက်ပျိုးခဲ့ကြပြီး အဆိုပါ ရှစ်ခရိုင်တွင် တွံတေးခရိုင်၌ နွေစပါး ၉၁၁၉၇ ဧကဖြင့် အများဆုံး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - တိုင်းစိုက်ပျိုးရေးဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# လမ်းမတော်မြို့နယ်၌ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်း အခမဲ့ဖွင့်လှစ်



ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ နွေရာသီအင်္ဂလိပ်စာ အခမဲ့ သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

ထိုသို့ဖွင့်လှစ်ရာတွင် ဦးစွာ လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်တင်တင်စိန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာမ ဒေါ်ခင်ကုဋေစိန်က သင်တန်းတွင် သင်ကြားမည့် Level များအလိုက် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ မိတ်ဆက်ပြောကြားသည်။

အခြေခံ အင်္ဂလိပ်စာသင်တန်းသို့ လမ်းမတော်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်သင်ယူကြပြီး သင်တန်းကာလကို ဧပြီ ၂၄ ရက်မှ မေ ၈ ရက်အထိ နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချ ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



# ဗိုလ်တထောင်မြို့နယ်၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်

ဗိုလ်တထောင် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး ပန်းချီဆရာမ မေ (ရန်ကုန်)က ပန်းချီသင်တန်းစည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပန်းချီနည်းပြဆရာမ မေ(ရန်ကုန်)၊ စာရေးဆရာမ မေမြတ်စန္ဒာ၊ သင်တန်းသူ သင်တန်းသားများ၏ မိဘများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ခင်ဝင်း( ပြန်/ဆက်)

# နတ်မောက်မြို့၌ အခြေခံပညာ ဆရာ ဆရာမများအား ကာယသင်တန်းဖွင့်လှစ်

နတ်မောက် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပညာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူး၏ ကြီးကြပ်မှုဖြင့် အခြေခံပညာ ဆရာ ဆရာမများ မွမ်းမံသင်တန်းဖြစ်သည့် ကာယသင်တန်းဖွင့်လှစ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို မူလတန်းလွန်ကျောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာကြံ့ခိုင်ပြီး အားကစားကိုစိတ်ဝင်စားလာစေရန်၊ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ရာ နည်းပြဆရာ ဆရာမ သုံးဦးတို့က ဆရာ ဆရာမ ၁၇၂ ဦးတို့အား ကိုယ်လက်ကြံ့ခိုင်ရေး အတွဲအမှတ်(၃)၊အမှတ်(၄)နှင့် Fitness Dance တို့ကို သုံးရက်ကြာသင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



# မင်းလှမြို့နယ်၌ နွေရာသီ ဘင်ခရာသင်တန်း ဖွင့်လှစ်

အထက်မင်းလှ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်ပညာရေးမှူးရုံးနှင့် မင်းလှအခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နွေရာသီ ဘင်ခရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မင်းလှအခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက နွေရာသီ ဘင်ခရာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်သန်းက သင်တန်းတွင်သင်ကြားမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းအတွက် ဘင်ခရာပစ္စည်းများကို ပေးအပ်ရာ မင်းလှအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အဆိုပါနွေရာသီဘင်ခရာသင်တန်းတွင် မင်းလှအခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းနှင့် အထက်တန်းဆင့် ကျောင်းသားကျောင်းသူ ၁၀၀ အား သင်တန်းနည်းပြဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရွှေပြည်သာမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်း(အခမဲ့)ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့မွန်းလွဲပိုင်းက ဖွင့်လှစ်သည်။



အခမ်းအနားတွင် ရွှေပြည်သာမြို့နယ်လက်ထောက်ပညာရေးမှူး ဒေါ်သီရိထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဦးတင်ဝင်း- ပန်းချီဆရာဝင်းနွယ်(ပုသိမ်)က ပန်းချီပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို ဦးတင်ဝင်း - ပန်းချီဆရာဝင်းနွယ်(ပုသိမ်)က ဆက်လက်ပို့ချရာ ကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၂၄ ရက်မှ မေ ၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရွှေတောင်မြို့နယ်၌ အခြေခံကဗျာရေးနည်းသင်တန်းဖွင့်လှစ်



ရွှေတောင် ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ စာပေချစ်သူများအသင်းတို့ ပူးပေါင်းကျင်းပသည့် အခြေခံကဗျာရေးနည်း သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အနာဂတ်တွင် စာပေကိုချစ်မြတ်နိုးသော ကဗျာဆရာကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ် ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာပေချစ်သူများအသင်းအဖွဲ့ဝင် ဆရာမကြီး ဒေါ်မြတ်နွယ် (ပေရယ်မွန်း) က အခြေခံ ကဗျာရေးနည်း သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် အခြေခံကဗျာရေးနည်းသင်ခန်းစာများကို ဆရာမကြီးဒေါ်မြတ်နွယ် (ပေရယ်မွန်း)က သံပေါက် ကဗျာရေးသားနည်းနှင့် ဆရာမ ဒေါ်ယမင်းရွှေစင် (ပယင်းဥ)က ကလေးကဗျာရေးသားနည်းတို့ကို သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ၂၅ ရက်အထိဖြစ်ကာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ညော့်သည်နှစ်မျိုး

**ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ**

‘ညော့်သည်နှစ်မျိုးရှိတယ်’လို့ ပြောပြခဲ့ပါတယ်။ ပကတိညော့်သည်နဲ့ သံသရာညော့်သည်လို့ နှစ်မျိုးပေ့ါ။

အခုတစ်ခါ တခြားအမျိုးအစား ညော့်သည်နှစ်မျိုးကို ပြောပြချင်ပါသေးတယ်။ မိမိရဲ့စိတ်ကို အိမ်အနေနဲ့ သဘောထားရင် ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ စိတ်တည်းဟူသောအိမ်မှာ စိတ်ဓာတ်ဆိုးကိလေသာ ညော့်သည်နဲ့ စိတ်ဓာတ်ကောင်း သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ ညော့်သည်ရယ်လို့ နှစ်မျိုးခွဲနိုင်ပါသေးတယ်။

ပုထုဇဉ်စိတ်ရဲ့ ညော့်သည်ဖြစ်တဲ့ကိလေသာတို့နဲ့ ရောနှောလိုက်တဲ့အတွက် ပုထုဇဉ်စိတ်ကလေးဟာ ညစ်နွမ်းသွားရတာပါတဲ့။ မိမိတို့ရဲ့စိတ်ဟာ ပင်ကိုသဘောက ပြိုးပြိုးပြက်ပြက် အရောင်လက်အောင် စင်ကြယ်နေပါတယ်တဲ့။

စိတ်ဘာဖြစ်လို့ ညစ်နွမ်း၊ စိတ်ဘာဖြစ်လို့ နောက်ကျိ၊ စိတ်ဘာဖြစ်လို့ လှုပ်ရှား၊ စိတ်ဘာဖြစ်လို့ ပူပန်ရသလဲဆိုရင် အာဂန္တုညော့်သည်ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာမစ္ဆရိယစတဲ့ စိတ်ဓာတ်ဆိုးတွေဝင်လာလို့ပါတဲ့။ ကိလေသာကမှ ပုထုဇဉ်စိတ်ကို အမြဲလာလည်တဲ့ညော့်သည်ပါ။

ကိုယ့်စိတ်ကလေးကို ကိုယ်ပြန်ကြည့်စေချင်ပါတယ်။ အခုတစ်နာရီအတွင်းမှာ ကိုယ့်စိတ်အိမ်မှာ ကိလေသာညော့်သည်တွေ ဘယ်လောက်လာသွားကြသလဲ။

လောဘတွေလည်း ဝင်လည်သွားကြတယ်။
ဒေါသတွေလည်း ဝင်လည်သွားတယ်။
မောဟတွေလည်း ဝင်လည်သွားတယ်။
ကိုယ့်စိတ် ကိုယ့်အိမ်ကိုက ကိလေသာ ညော့်သည်တွေအတွက် ဝင်လာအောင် လက်ခံတံခါးဖွင့်ထားတာကိုး။ အဲဒီတော့ ကိလေသာညော့်သည် ဝင်တာပေါ့၊ ကိလေသာညော့်သည်တွေက တိုးလျှိုပေါက်။ သူတို့ကိုယ်ပိုင်အိမ်လို ပြေးဝင်နေတာကိုး။

အိမ်ရှေ့ကနေ အိမ်နောက်အထိ ကိလေသာတွေဝင်နေတာကို ဘယ်သူမှပြောမယ့်သူမရှိတော့ဘူးလား။

လောဘလည်း ပြေးဝင်လာတယ်။
ဒေါသလည်း ပြေးဝင်လာတယ်။
မောဟတွေလည်း ပြေးဝင်လာတယ်။

အဲဒီတော့ စိတ်ညစ်တယ်။ စိတ်ရှုပ်တယ်။ စိတ်ပူပန်တယ်။ စိတ်က ဒါဆိုရင်မကြိုက်ဘူး၊ ဒါဆိုရင်ကြိုက်တယ်လို့ ဖြစ်ကုန်တော့တာပေ့ါ။

အခု ဦးပဉ္ဇင်းတို့ ပြောပြပေးနေတာက နားထောင်ကောင်းအောင်သက်သက် ပြောပေးနေတာ မဟုတ်ပါဘူး။ တရားအလုပ်အနေနဲ့ ရှုတတ်၊ ပွားတတ်၊ ကြည့်တတ်အောင်လို့ ပြောပေးနေတာပါ။ တရားရှုနေတာကို ပျက်စီးအောင်လို့ ပြောပေးနေတာ မဟုတ်ပါဘူး။ သတိထားပါ။ ဉာဏ်နဲ့ကြည့်ပါ။ သမာဓိရှိရှိ စိတ်အေးအေးကြည်ကြည်နဲ့ အခုလိုပြောပေးနေတာကို ကြားသိသဘောပေါက်ပြီး အသိဉာဏ်တွေ တိုးလာစေချင်ပါတယ်။

မိမိတို့စိတ်ထဲမှာ အာဂန္တုညော့်သည် ကိလေသာတွေလာလို့ အိမ်ဖုန်တက်တယ်ကွာ လှည်းလို့လည်း မပြီးနိုင်တော့ဘူး။ ဒီလောက်သပ်သပ်ရပ်ရပ် ကြည်ကြည်လင်လင် ရှင်းထားတဲ့ ငါ့စိတ်အိမ်ကလေး။ ကိုယ့်အိမ်ကို ကိုယ်ချမ်းသာချင်တာပေ့ါ။ ကိုယ့်အိမ်ကို ကိုယ်ကောင်းချင်တာပေ့ါ။

**မိမိရဲ့စိတ်ကို အိမ်အနေနဲ့သဘောထားရင် ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ စိတ်တည်းဟူသောအိမ်မှာ စိတ်ဓာတ်ဆိုးကိလေသာညော့်သည်နဲ့ စိတ်ဓာတ်ကောင်း သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ညော့်သည်ရယ်လို့ နှစ်မျိုးခွဲနိုင်ပါသေးတယ်။**

**ပုထုဇဉ်စိတ်ရဲ့ ညော့်သည်ဖြစ်တဲ့ကိလေသာတို့နဲ့ ရောနှောလိုက်တဲ့အတွက် ပုထုဇဉ်စိတ်ကလေးဟာ ညစ်နွမ်းသွားရတာပါတဲ့။ မိမိတို့ရဲ့စိတ်ဟာ ပင်ကိုသဘောက ပြိုးပြိုးပြက်ပြက် အရောင်လက်အောင် စင်ကြယ်နေပါတယ်**



“မင်းတို့တက်တက်ပြီး လာဆော့နေလို့ ငါ့အိမ် ညစ်ပတ်တယ်၊ ပေတယ်၊ မကောင်းတော့ဘူး။ တံမြက်စည်းလှည်းလို့လည်း မပြီးနိုင်တော့ဘူး။ တစ်အိမ်လုံးလည်း ပွထညစ်ပေလို့၊ ကြည့်စမ်း၊ ခြေရာတွေရော ဖုန်တွေရော အမှိုက်တွေရော ရှုပ်နေတာပဲ”

“တောင်းပန်ပါတယ်။ ငါ့စိတ်အိမ်ကို ကိလေသာတွေ မလာပါနဲ့” လို့ မောင်းထုတ်လိုက်စမ်းပါ။

စိတ်အိမ်ကို သတိဉာဏ်တံခါးနဲ့ လုံအောင်ပိတ်ထားလိုက်စမ်းပါ။ သတိဆိုတဲ့ တံခါးရွက်ကို ပိတ်ရုံတင်မကဘဲ ဉာဏ်သော့လေးနဲ့ပါခတ်ပြီး ပိတ်ထားလိုက်ကြစေချင်ပါတယ်။

မျက်စိမှာ သတိထားရင် မျက်စိတံခါးပိတ်တယ် ခေါ်ပါတယ်။ နားမှာ သတိထားရင် နားတံခါးပိတ်တာ။ မျက်စိမှာ ဉာဏ်နဲ့ကြည့်လိုက်ရင် မျက်စိတံခါးကဖြတ်ပြီး ကိလေသာမလာနိုင်တော့ပါဘူး။ နားမှာလည်း ဉာဏ်နဲ့ကြည့်လိုက်ရင် နားကလည်း ကိလေသာတွေဝင်မလာဘူး။ နှာခေါင်းမှာလည်း သတိထားလိုက်စမ်းပါ။ ဉာဏ်နဲ့ကြည့်လိုက်စမ်းပါ။

ကိုယ့်စိတ် ကိုယ်ပြန်ကြည့်တော့ ကိုယ့်စိတ်အိမ်ထဲမှာ ကိလေသာညော့်သည်တွေဝင်နေရင် ကိုယ်က သိနိုင်ပါတယ်။ စိတ်အိမ်ဟာ ဟိုလိုလို ဒီလိုလို ဖြစ်နေတယ်။ ငေးငေးမောမောဖြစ်နေတယ်။ ဘာမှန်း ညာမှန်းမသိဖြစ်နေတယ်။ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေတယ်။ ဆူဆူပွက်ပွက်ဖြစ်နေတယ်ဆိုရင် ကိလေသာဝင်နေတာပါပဲ။

အဲဒီကိလေသာညော့်သည်တွေကို မောင်းထုတ်လိုက်စမ်းပါ။ ကိလေသာညော့်သည်အရှုပ်တွေကို မိမိရဲ့စိတ်သန့်သန့် အိမ်ကလေးကို အတက်မခံပါနဲ့၊ အဝင်မခံပါနဲ့။ တံခါးပိတ်လိုက်စမ်းပါ။ မျက်စိမှိတ်တာကို တံခါးပိတ်တယ်ခေါ်တာ မဟုတ်ဘူးနော်။ မျက်စိဖွင့်ချင်ဖွင့် ပိတ်ချင်ပိတ်ပါ။ သတိနဲ့နေရပါမယ်။ မျက်စိမှာ သတိထားတာကို မျက်စိတံခါးပိတ်တယ်လို့ ပြောတာပါ။

နားပိတ်တာကို ပိတ်တယ်ခေါ်တာ မဟုတ်ဘူးနော်။ နားမှာ သတိထားရှိတာကို နားပိတ်တယ်ခေါ်တာပါ။

နှာခေါင်းကိုလည်း ပိတ်လို့မရပါဘူး။ နှာခေါင်းမှာ နံတာနဲ့ပတ်သက်ပြီး သတိထားတာကို တံခါးပိတ်တယ် ခေါ်တာပါ။

တရားရစေချင်လို့ သိစေချင်လို့ ဒီလောက်အထိ ပြောပေးပါတယ်။ လူငြိမ်တာ မငြိမ်တာ၊ ကိုယ်ကောင်ကြီး ငြိမ်တာမငြိမ်တာ ကိစ္စမရှိပါဘူး။ အဲဒီကိလေသာတွေမလှုပ်ဖို့၊ မဆော့ဖို့ အရေးကြီးပါတယ်။ ကိလေသာညော့်သည်ဆိုးတွေက ကိုယ့်အိမ်အပေါ်မှာ တက်မဆော့ဖို့ အရေးကြီးတာပါ။ကိုယ့်စိတ်အိမ်ကြီး လှုပ်ယိုင်နေတာ ကိလေသာတွေ တက်ဆော့နေလို့ပါ။ စိတ်ကလေးအေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်ဖြစ်အောင် နေလိုက်စမ်းပါ။ သဘောပေါက်ပါ။ သတိထားစမ်းပါ။ ဉာဏ်နဲ့ကြည့်စမ်းပါ။ သတိက ကိလေသာမဝင်အောင် တံခါးစောင့်၊ ဉာဏ်က သော့ခတ်၊ ဒါမှမဟုတ် ဉာဏ်ကဝင်လာတဲ့ ကိလေသာကို မောင်းချ။ ဒီလိုသာနေနိုင်ရင် အဲဒါကို တရားအားထုတ်တယ်လို့ ခေါ်ပါတယ်။

ဘယ်ကိလေသာမှ ကိုယ့်အိမ်ပေါ် မတက်တော့ဘူးဆိုရင် တွက်ကြည့်ပေ့ါ။ ဘယ်လောက်များ စိတ်ချမ်းသာမှုတွေရလိုက်မလဲ။

စိတ်ချမ်းသာတော့တာပေ့ါ။ ရဟန္တာအရှင်မြတ်ကြီးတွေက သတိနဲ့တံခါးစောင့်ပြီး ဉာဏ်နဲ့မောင်းချလို့ ကိလေသာတွေ ထွက်ပြေးကြရတာပါ။ ဘယ်တော့မှ ပြန်မလာသောအားဖြင့် ထွက်ပြေးကြရတာပါ။ ကိလေသာတွေ လုံးဝမလာတော့ရင် မိမိစိတ်မှာ ကိလေသာတွေ အပြီးအပိုင်မရှိတော့ရင် ရဟန္တာဖြစ်တယ်လို့ ခေါ်ပါတယ်။

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ “ညော့်သည်” စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# စေတနာ

ကျွန်တော်တို့သည် နေ့စဉ်ပြုလုပ်နေရသော ကံတို့နှင့်ပတ်သက်ပြီး လေ့လာနေကြရာ၌ ယခုအခါ အထိုက်အလျောက် ပြည့်စုံပြီဖြစ်သည်။

‘အမှန်မှာ ကံဟူသည်’ စေတနာကိုခေါ်ခြင်းပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တရပါဠိတော်၌ ကံနှင့်ပတ်သက်ပြီး- ‘စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ’ ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

အဓိပ္ပာယ်မှာ ကံဟူသည် စေ့ဆော်တိုက်တွန်းမှု စေတနာကိုပင်ခေါ်ကြောင်း၊ ကောင်းမှုအလုပ်၊ မကောင်းမှုအလုပ်ဟူသော ထိုထိုကိစ္စတို့ကို ပြုလုပ်ရာ၌ စေတနာဟူသော စေ့ဆော်တိုက်တွန်းမှုအရသာ ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ စိတ်ဖြင့် ပြုလုပ်ကြောင်းဟူ၍ပင်ဖြစ်သည်။ သို့ဖြင့် ကျွန်တော်တို့အဖို့ ဘာအလုပ်ကိစ္စမဆို စေ့ဆော်တိုက်တွန်းမှု စေတနာသဘောလေး မပါဘဲ ကျွန်တော်တို့ သန္တာန်တွင် မဖြစ်ထွန်းသေးဘဲ ချောချောမောမောနှင့် ပြီးစီးအောင် ပြုလုပ်၍မရပေ။

စေတနာသည် ဘယ်အလုပ်မျိုးကိုမဆို ပြုလုပ်ရာ၌ ပါရသည်ချည်းဖြစ်သည်။ ထို့ကြောင့်လည်း စေတနာပါအောင်လုပ်ပါ။ စေတနာထက်ထက်သန်သန်လုပ်ပါဟူသော အသုံးအနှုန်းလေးများကို သုံးစွဲနေကြခြင်းဖြစ်သည်။




ပဋ္ဌာန်း(၂၄)ပစ္စည်း၌ ‘ကမ္မပစ္စယော’ ဟုပါသည်။ ထို ကမ္မပစ္စည်း၏အရမှာ ‘စေတနာ’ပင်ဖြစ်သည်။ စေတနာ၏ တန်ဖိုးကြီးမားမှုနှင့်ပတ်သက်၍ ပဋ္ဌာန်းအဋ္ဌကထာဆရာကြီးက ဖော်ပြထားသည်မှာ အလွန်တရာမှ အားကျစရာကောင်းလှပေသည်။

ကျွန်တော်တို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို နေ့စဉ်တရစပ်လုပ်နေကြသည်။ လုပ်တိုင်းလုပ်တိုင်းလည်း ကုသိုလ်ဇော၊ အကုသိုလ်ဇောတွေ စောနေကြသည်။ စိတ်အားထက်သန်မှုတွေဖြစ်နေကြသည်။

ထိုကုသိုလ်ဇော၊ အကုသိုလ်ဇောတို့မှာ “စေတနာ” ခေါ် စေ့ဆော်တိုက်တွန်းမှု သဘောလေးပါသည်။ စေတနာသည် ထိုဇောစိတ်တို့နှင့်အတူ (ဥပါဒ်ဋ္ဌီဘင်) ဆိုချုပ်ပျောက်သွားသည်။

သို့သော် စေတနာသဘောလေးသာ ပျောက်သွားသည်။ သူ၏အစွမ်းသတ္တိလေးကမူ မပျောက်သွားချေ။ အကျိုးပေးဖို့ရန် ကျန်ရှိနေခဲ့သည်။ ထိုစေတနာ၏ သတ္တိသည် (ဤဘဝမှာ၊ နောက်ဘဝမှာ၊ တတိယဘဝမှာ နိဗ္ဗာန်ရသည့်ဘဝမှာ) ကမ္မပစ္စည်းမှတစ်ပါး ကျန်သောပစ္စည်းများနှင့်ပေါင်းပြီး အကျိုးပေးပါသည်ဟု (အဝသေသပစ္စယ သမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ) ဟူ၍ ဖော်ပြထားလေသည်။

ထို့ကြောင့် ကျွန်တော်တို့ အမြဲနှလုံးသွင်းထားရမည့်အချက်မှာ ကုသိုလ်ကောင်းမှုများလုပ်တိုင်း ကုသိုလ်ကံခေါ် စေတနာကို ထက်သန်ဖို့ သန့်ရှင်းဖို့ပင်ဖြစ်သည်။ ။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉(A)၊ ဖိုးဝဇီရာလမ်း၊ မြေကွက်အမှတ်–(၁၀၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးဇွဲကိုထွန်း [၁၂/ဒဂမ(နိုင်)၀၄၄၈၆၈]** အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အားလုံးတို့ကို အရှုပ်အရှင်းမရှိ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း အမည်ပေါက်သူကိုယ်တိုင်က ဝန်ခံကတိပြုလာသည့်အတွက် **ဒေါ်မြင့်မြင့်သန်း [၁၂/ကမရ(နိုင်)၀၀၉၇၈၉]**မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သန္တာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၆၅)**
**အမှတ်–၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၂၁၈၀၁၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

